www.burmeseclassic.com

# ကိုကောင်းဘော်နှင့် မမေအမှု

ဂျိမ်းစ်လှကျော်

လွန်ခဲ့သော နှစ်ပေါင်း ၁၀ နှစ်ခန့်က တစ်ခုသော မြို့ငယ်တစ်မြို့၌ မမဲတူအမည်ရှိသော မိန်းမကြီးတစ်ဦးရှိ၏။ ထိုမိန်းမကြီး၌ သမီးခုနစ်ယောက်ရှိသည့်အနက် နှစ်ယောက်သုံးယောက်တို့သည် အိမ်ထောင်ကျပြီးသူများဖြစ်ကြသော်လည်း ၎င်းတို့၏ လင်ယောကျ်ားသည် ၎င်းတို့ကို အိုးအိမ်သီးခြားချထားနိုင်လောက်သော အခြေအနေရှိသူ မဟုတ်ကြရကား ၎င်းသမီး ခုနစ်ယောက်လုံးပင် အမိမမဲတူနှင့်အတူ တစ်အိမ်တည်း စုရုံးကာ နေထိုင်စားသောက်ကြရ၏။ ထိုသမီး ခုနစ်ယောက်တို့အနက် မမေအမည်ရှိသော ဒုတိယသမီးမှာ ရုပ်ရည်ရူပကာအားဖြင့် ဖြောင့်မှန်ညီညွတ်သော ကိုယ်လုံးကိုယ်ပေါက်ရှိသည့်ပြင် ဖြူစင်သန့်ရှင်းသော အသားအရေနှင့်တကွ ချိုပြုံးသော မျက်နှာပြင်၊ ချစ်ဖွယ်သောအမူအရာလည်းရှိသူမှန်ရကား လယ်တောများတွင် စပါးစိုက်ပျိုးမှုအလုပ်အကိုင်များသည် စီးပွားဖြစ်ထွန်းသည်မှန်လျက် မယားသေဆုံးသူ မုဆိုးဖိုစပါးကုန်သည် ကိုကောင်းဘော်သည် မမေထံ ကြိမ်ဖန်များစွာ သွားရောက်ဝင်ထွက်ပြုလေ၏။

မမေအမည်ရှိသော မိန်းမသည် အရွယ်အားဖြင့် ၂၅ နှစ်ကျော်၍ ၃၀ ရွယ် မပြည့်မီသေးသူဖြစ်သော်လည်း တစ်ရံရောအခါက ပညာရေးဌာနဘက်ကဆို၍ ဝန်ထောက်ဟူသော ဘွဲ့အမည်ကို အခေါ်ခံသော အရာရှိတစ်ယောက်နှင့် အမှတ်မဲ့ လိုက်စား၍ အိုးအိမ်ထောင်မိပြီးနောက် ထိုဝန်ထောက် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားရောက်သော အခါ မခေါ်သွားဘဲထားရုံမျှမက လင်မယားဝတ္တရားနှင့် လျော်ညီအောင် ပေးကမ်းထောက်ပံ့ခြင်းကိုမျှပင်မပြု လစ်လပ်လျက်နေ၏။ သို့ပင် ဖြစ်ငြားသော်လည်း ကိုကောင်းဘော်ထံတွင် မမေက သိနားလည်စေသည်မှာ မိမိသည် ယောကျ်ားသနားများနှင့် တစ်ရံတစ်ခါမျှ မတွေ့ဆုံဖူးသေးသော ကညာစင်အပျိုစင်ဖြစ်သည့်အနေနှင့်သာလျှင် ပြောဆိုပြုမူလျက်နေရာ ကိုကောင်းဘော် ဆိုသူမှာလည်း ပစ္စည်းအနည်းငယ် ရှိသူမှန်သော်လည်း လယ်တော၌သာလျှင် နေထိုင်ကြီးပြင်းခဲ့ရသူမှန်၍ မယားသေသောကြောင့် မုဆိုးဖိုလူပျိုအဖြစ်သို့ ရောက်လျက်နေရကား မိန်းမပျိုထံ ကျရောက်လျှင် လွန်စွာရှက်ကြောက်တုန်လှုပ်ခြင်း ဖြစ်တတ်၏။ သည်ကဲ့သို့ ရှက်ရွံ့တုန်လှုပ်ခြင်းသည် မမေ၏ မျက်မှောက်သို့ရောက်သောအခါ သာ၍ပေါ်များလှခြင်းကြောင့် မိမိပြောဆိုလိုသော သုံးနွန်းသောစကားများကို မမေနှင့် မျက်နှာချင်းဆိုင်၍ မပြောမဆိုဝံ့ ရှိလေလျှင် ထိုစကားများကို စာဖြင့်ရေးသား၍ မမေထံပို့စေ၏။ သည်ကဲ့သို့ ပေးပို့သောစာများကို စာ၏သဘောအတိုင်း နှစ်သက်ကြောင်းများနှင့် မမေက စာပြန်သော်လည်း ထိုစာများကို မည်သည့်အကြောင်းကြောင့်မသိ အဓိပ္ပာယ်ဝေ့လည်လည်ရှိအောင် တမင်ကြံဆောင်ရေးသားပေးပို့လေ့ပြု၏။ သည်ကဲ့သို့ ရေးသားပေးပို့သော စာများကိုလည်း ကိုကောင်းဘော်က ကောင်းမွန်စွာ သိမ်းဆည်း၍ ထားလေ့ပြု၏။

ထိုအခါလောက်တွင် ထိုမြို့၌ ရန်ကုန်မြို့မှ မကြာမီကပင် ရွှေ့ပြောင်းလာရောက်နေထိုင်သူ ပွဲစားကိုလှဖေဆိုသူ၌ မယားသေလျှင် တစ်ပင်လဲတစ်ပင်ထူပြုလိုသော သဘော

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒရှိသည့်ပြင် အရွယ်လည်းရ၊ ခနလည်းပေါ၊ ရုပ်လည်းချောသူမှန်သည့်အတိုင်း ထိုကိုလှဖေသည် မယားသေပြီးနောက် နှစ်လကျော်သုံးလခန့်ကြာရှိလျှင် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်ရုံမျှမဟုတ်၊ ဇာတ်ဟန်ကျနအောင် ဝတ်စားဆင်ယင်ပြီးလျှင် အရပ်ရပ်ကို စေ့နွဲ့အောင်လူးလာပြန်ဝေ့လျှောက်၍ သွားလာပြုသောအခါ မိမိတို့နေထိုင်သော ရပ်ကွက်တွင် သတင်းကြေညာရောက်လာသည်မှာ ပွဲစားကြီးကိုလှဖေသည် အိုးအိမ်ထောင်မဲ့နေတတ်သူမဟုတ်ရကား အိုးအိမ်သစ်ထူထောင်မည့်အကြံနှင့် အထက်မယားကြီးလက်ထက်ကကျန်ရစ်သော စတီရွှေ လက်ကောက်များကို အသစ်ပြင်၍ တွတ်ကွက်လက်ကောက် ပြုပြင်လုပ်ကိုင်စေပြီးလျှင် စိန်နားကပ်ရန်စုံ(၁) ကို အရန်သင့် ဆောင်ယောင်လျက် မည်သူနှင့် အိမ်သစ်ထူထောင်ရပါမည်နည်းဟူသည့်အနေနှင့် မိန်းမများရွေးချယ်ရန် လှည့်လည်ကြည့်ရှုကာနေကြောင်းနှင့် သတင်းကြေညာခြင်းဖြစ်၏။

သည်ကဲ့သို့ သတင်းကြေညာလျက်ရှိနေသည့်အတွင်း ကိုလှဖေကိုယ်တိုင်က မမေကို မြင်ဖူးသည်၊ မမြင်ဖူးသည်မှာ မသိနိုင်ပြီ။ သို့သော်လည်း တစ်ယောက်သောမိန်းမက မမေထံ ပြောဆိုလာသည်မှာ ကိုလှဖေသည် မမေထံ လည်ပတ်ရသော် မတော်လား၊ မမေသည် သံယောဇဉ်လွတ်ကင်းသူ ဟုတ်မဟုတ်ကြောင်းများကို သူတစ်ပါးထံစော်ဒနာခြင်းပြုလျက် ရှိနေသောကြောင့် မမေသည် ရုပ်ရူပကာနှင့်ပြည့်စုံသူ မှန်သည့်အတိုင်း တောသားကြီး ကိုကောင်းဘော်ကိုယူမည့်အစား ရန်ကုန်မြို့ကြီးသား ကိုလှဖေကို ယူရသော်သာ၍မကောင်းပါလားဟူသော အကြံအစည်ကိုပေးလာလျှင် မမေလည်း ထိုစကားကို ပြောလာသောအခါ၌ အလေးဂရုမမူလေဟန်ပြု၍နေသော်လည်း နောက်တစ်နေ့တွင် ကိုကောင်းဘော် အိမ်သို့ရောက်လာသောအခါ ရှေးကကဲ့သို့ စိတ်ရောကိုယ်ပါ လောကဝတ်ပြုခြင်းမရှိ၊ တစ်ရံတစ်ခါ တွေ့မြင်ခဲ့ဖူးသော ကိုယ့်အောက်ဂုဏ်ရည်ယုတ်လျော့သော သူများကို မလွှဲသာ၍ လက်ခံစကားပြောရဘိသကဲ့သို့သာလျှင် ဧည့်ခံခြင်းကိုပြု၏။

အကြောင်းရင်းခံကို စေ့ငုသေချာစွာ ရှာဖွေဆင်ခြင်လတ်သည်ရှိသော် ဆိုခဲ့သည့်အတိုင်း မမေ စိတ်သဘောထားနှင့်တကွ ကိုယ်၏အမူအရာ ပြောင်းလဲသည့်အရာများမှာ မမေဆိုသူမိန်းမသည် ပုထုဇဉ်မျှဖြစ်ရကား လောကသဘာဝတွင်မျှ ဖြစ်သည်။

ကိုကောင်းဘော် ဆိုသူမှာ လယ်တောသားစစ်စစ်ဖြစ်သည့်အတိုင်း အသားမည်းနက်၍ အဝတ်ပုဆိုး ညစ်နွမ်းသည့်ပြင် ကိုယ်ဦးခေါင်းတွင် ပေါက်လျက်ရှိသောဆံပင်ကိုမျှ တင့်တယ်အောင် မပြုမပြင်တတ်လျှင် တစ်လတစ်ကြိမ်မျှ ဆီမဝေ့သော မိမိဆံပင်ကို မဖြီးမထုံးဘဲ ညစ်နွမ်းသော ပုဝါတစ်ထည်နှင့်သာလျှင် ထည်လဲမရှိဘဲ တွေးလုံးရစ်ပတ်လျက် ထားလေ့ပြု၏။

ရန်ကုန်သားအစစ်ဖြစ်သူ ကိုလှဖေဆိုသူမှာကား သည်ကဲ့သို့မဟုတ် ဖြူလတ်သောအသားအရေတွင် ချိုပြုံးသောမျက်နှာထားရှိ၍ ပိယဝါစာသာယာချေင်သောစကားများကို မြွက်ဆိုလေ့ပြုတတ်သည့်ပြင် တစ်ဖက်သားတို့ကြင်နာစေတတ်သော ကိုယ်၏အမူအရာမျှမက အဝတ်တန်ဆာဝတ်ဆင်ရာ၌လည်း မိန်းမတို့အမြင်တွင် တင့်တယ်ရှုချင်စဖွယ်ဖြစ်အောင် ကြံဆောင်၍သာလျှင် ဆင်ယင်လေ့ပြုသူဖြစ်ရကား အိမ်တွင်းမှအိမ်ပြင်သို့ထွက်လျှင် ရှုချင်ဖွယ်ဖြစ်၍ တင့်တယ်သော ပုဆိုးလတ်လတ်ကို ဆင်ယင်၊ ဖြူစင်သောအင်္ကျီမှစ၍ မိမိဦးခေါင်းပြုပြင်ရာ၌လည်း မိမိဆံပင်ကို ချောမွတ်လှအောင် ထုံးပြီးနောက် ထိုယောင်ထုံးအောက်ခြေက ရစ်ပတ်ဆင်ယင်ထားသော ပန်းရောင်ပဝါကို ဆင်မြန်းပုံမှာဆိုခဲ့သည့် ချောမွတ်လှစွာသော ယောင်၏နောက်ပိုင်းကို ပန်းရောင်ပုဝါတစ်စဖြင့် ဖုံးအုပ်မိစေသော်လည်း ယောင်၏မျက်နှာစကို ရှေ့ဘက်သို့လှည့်စေသဖြင့် ကပိုကရို ဝိုးတိုးဝါးတား ပေါ်ထွက်စေလျက် ကာလသားတို့ မာဂဓအားဖြင့် စေဘူပေါင်းနည်းခေါ်သော ပေါင်းနည်းမျိုးနှင့်ဆင်မြန်းသောအခါ မမေကဲ့သို့ စိတ်နုလျက်နေသော မိန်းမငယ်တို့သည် အဘယ်မကြည့်ဘဲ နေနိုင်ပါအံ့နည်း။

အကြောင်းရင်းခံ ဤသို့ဖြစ်သည် မှန်ရကား ကိုယ်စိတ်လှုဆဲမျှ ဖြစ်သော မိန်းမရွယ် မမေသည် လယ်တောသား ကိုကောင်းဘော်ကို ရှေးကကဲ့သို့ အိမ်သို့ ပင့်ခေါ်လက်ခံခြင်းမပြု။ ရပ်တန့်ခြင်းသည် ထူးခြားသည်ဟူ၍မဆိုသာ။ ထိုမိန်းမ မမေသည် ထိုအခါကာလများက မိမိစိတ်သဘောအလျောက် ပြုလုပ်ဝံ့မည်ဖြစ်လျှင် ကိုကောင်းဘော်ကား မိမိအိမ်သို့ လမ်းဖြတ်စေရန် ပြောဆိုလိမ့်မည်မှန်သော်လည်း စိတ်ရှိတိုင်းပြု၍ မသင့်လျော်မည့်အကြောင်းကို မမေက တွေးတောမိသည်မှာ ကိုကောင်းဘော်

www.burmeseclassic.com



ဆိုသောသူသည် လယ်တောသား အစိမ်းအရိုးမှန်သော်လည်း ထူထိုင်းသောသူမဟုတ်။ မိမိမျက်မှောက်တွင် မြင်သမျှသော အစွန်းအစများ၏ အနက်အဓိပ္ပာယ်ကို အရိပ်နိမိတ် ဖတ်ယူနိုင်လောက်သော ပါးရည်နပ်ရည် ရှိသူမှန်သည့်အတိုင်း မကြာမီကပင် မမေကိုယ်တိုင် သတင်းစကားနားနှင့်ဆတ်ဆတ် ကြားရသည်မှာ အကယ်၍ မိမိအပေါ်တွင် မမေက ကတိဖျက်မှု မမေအပေါ်တွင် ကတိဖျက်မှု တရားစွဲနိုင်ရန်များကို ရှေ့နေတစ်ဦးထံ ကိုကောင်းဘော်ကိုယ်တိုင်သွားရောက် စော်ဒနာရာတွင် မမေထံကပေးထားသော မေတ္တာစာများကိုပင် ပြသမေးမြန်းလျက်ရှိနေကြောင်းများနှင့် ကြားသိရသည်တစ်ကြောင်းများကြောင့် ကိုကောင်းဘော်နှင့် ရတ်တရက် အတိအလင်းလမ်းဖြတ်ရန် မတော်ဟု စဉ်းစားကာနေ၏။

ဤသို့လျှင် ပစ်ရမည်လည်း အဆီနှင့်ရဲရဲ၊ စားရမည်လည်း သဲနှင့်ရှပ်ရှပ် ဖြစ်လျက်နေသောကြောင့် မည်သို့ပြုကျင့်ရမည်ကို အတွေးရကျပ်လျက် စဉ်းစားကာနေသည့်အတွင်း တစ်နေ့သ၌ ကိုကောင်းဘော် ဝင်ရောက်လာ၍ ပြန်သွားပြီးခဏတွင် အမိမမဲတူသည် သမီး မမေရှိရာ အခန်းတွင်းသို့ ဝင်လာပြီးလျှင် အာဏာသံနှင့် ပြောသည်မှာ–

"မိရွှေမေ ညည်းက လိမ္မာလိမ့်မည်ဟု ငါအောက်မေ့ထားသည်မှာ ငါ မှားလေပြီ။ စင်စစ်မှာ ညည်းသည် အလွန်မိုက်လှသည်တကား။ ညည်းသည် သည်တောသားငကောင်းဘော်နှင့် ဘယ်အတွက် လမ်းမဖြတ်သေးသည် ငါ့ကို ဖြေစမ်းပါ။ ဟိုနောက်လူတစ်ယောက်ဟာသည်တောသားထက် အစစဆယ်ဆ ဆယ်တံပိုး သာသည်ကို ညည်းမသိဘူးလား၊ မမြင်ဘူးလား" မေးလျှင် သမီး မမေကလည်း–

"အမေ ကိုကောင်းဘော်၏ အကြောင်းကို အမေကျွန်မသိသည်လောက် ကောင်းမွန်စွာမသိ၍သာ အမေသည်ကဲ့သို့ ပြောခြင်းဖြစ်ပသါည်။ အကယ်သိလျှင် သည်ကဲ့သို့ အမေ ပြောမည်မဟုတ်ပါ"ဆိုလျှင် အမိမမဲတူက–

"ဘာပြောတာလဲ တောသားငကောင်းဘော်ဟာ ဟိုတစ်ယောက် လူ မြို့သားထက် ချစ်စရာကောင်းတယ် နင်ပြောမယ်လို့လား" ဆိုပြန်လျှင် မမေက–

"အမေ တစ်ယောက်လူ မြို့သားဆိုသည်မှာ မည်သူ့ကို ပြောသလဲ။ ကိုလှဖေကို ပြောသလား။ ပြောလျှင် ကိုလှဖေသည် လူလည်း လာသေးမဟုတ်၊ စကားလည်း လာသေးသည် မဟုတ်သည်ကို အမေ သတိမရဘူးလား။ နောက်ဆုံးမှာ ဒဏ္ဍာရီထဲက အမဲတုံးအရိပ်ကိုမြင်လျှင် ကိုယ့်ခံတွင်းက အမဲတုံးကို လွှတ်၍ အရိပ်ကို ဟပ်မိသော ခွေးကဲ့သို့ အကျိုးမဲ့ဖြစ်လိမ့်မည်" ဆိုလျှင် အမိ မမဲတူကလည်း

"ငါ သိသည်။ မောင်လှဖေထံက လူလည်းမလာ၊ စကားမလာသည်ကိုလည်း ငါသိသည်။ နင့်အနားမှာ ဟိုတောသား တရစ်သီသီပြုနေသမျှမှာ သူလည်း လာဝံ့မည်မဟုတ်၊ စကားလည်း ကမ်းဝံ့မည်မဟုတ်ကြောင်း ငါသိသည်" ဆိုလျှင် သမီးကလည်း

"အမေ၊ အမေသည် ဤအိမ်ကို ရွေးပေးခိုင်းရာတွင် လွယ်ကူစေရန် ကိုကောင်းဘော်ထံ ကျွန်မရေးလိုက်ရသော မေတ္တာစာများကို အမေမေ့လျော့နေပြီလား"ဟု ပြောကာလ

"ဟုတ်သည်၊ မှန်သည်၊ ဘာဖြစ်သလဲ" မေးပြန်လျှင် သမီးက–

"အမေ၊ အမေ မတွေးမိဘူးဘလား၊ ကိုကောင်းဘော်ကို ကျွန်မတို့ လမ်းဖြတ်လိုက်လျှင် သူသည် ရန်ကုန်ကလာသော ရှေ့နေကိုငှားပြီးလျှင် ကျွန်မတို့အပေါ်မှာ ရေးကကတိပျက်မှုနှင့် စွဲလိမ့်မည်။ နောက်ကို အိမ်ရွေးပေးထားသော ငွေများကိုလည်း ပြန်၍ တရားစွဲတောင်းလိမ့်မည် မတွေးမိဘူးလား" ပြောပြန်ကာလ အမိက ပြန်ပြောသည်ကား–

"အိမ်ရွေးပေးသော ငွေများမှာ မိုက်၍ပေးသော ပစ္စည်း၊ ကြိုက်၍ပေးသောပစ္စည်းများ ပြန်တောင်း၍မရဟု ငါကြားဖူးသည်။ ကတိပျက်မှု စွဲမည်ဆိုသည်မှာ ညည်းဘက်က ကတိဖျက်လျှင် သူစွဲဆိုနိုင်၏။ မှန်သည် သူ့ဘက်ကပျက်ပြီး သူမလာဘဲနေလျှင် သူစွဲနိုင်ဦးမည်လား" ဟု မေးပြန်လျှင်–

"အမေ ဘာပြောပါသလဲ၊ ကိုကောင်းဘော်ဆိုသူသည် ကျွန်မတို့က ကတိဖျက်၍ မလာနှင့်ဟု မတားမဆိုမချင်း လာ၍သာနေလိမ့်မည်။ အမေပြောသော စကားကို ကျွန်မ နားမလည်ပါ" ဆိုလျှင် အမိကပြန်ပြောသည်မှာ–

"ရွှေမေ စင်စစ်အားဖြင့် နင်သည် ငါထင်ထားသလောက် နင်လိမ္မာသည် မဟုတ်ပါတကား။ ငါပြောချင်သည်မှာ သည်တောသား အိမ်သို့မလာအောင်မှာ ကာ

www.burmeseclassic.com



ဖျက်ဖို့မလို၊ ငါတို့က တစ်နည်းနည်းပြုမူသော သူ လမ်းဖြတ်သွားလိမ့်မည်။ ယခုလို သူ့လမ်းသူဖြတ်၊ သူ့ကတိကို သူဖျက်၍သွားပါလျှင် သူ တရားစွဲနိုင်ပါဦးမည်လား။ သူ လမ်းဖြတ်အောင် ပြုရန်မှာလည်း ခဲယဉ်းသည် မဟုတ်။ ငါတို့အိမ်မှာ ညည်းတို့တတွေ စုတ်၍ပစ်ထားသော ဖိနပ်တွေ အများရှိသည်။ နောင်တစ်ခါ သည်တောသားလာလျှင် ညည်းက ထိုဖိနပ်စုတ်တစ်ဖက်နှင့် သူ့ပါးနှစ်ဖက် တစ်ချက်စီလောက် ခပ်နာနာကလေး ရိုက်လိုက်လျှင် သူ နောက်ကို လာပါဦးမလားဟဲ့သမီး။ ညည်း အလိမ္မာသားနဲ့၊ မမိုက်ပါနဲ့ သမီးရယ်" ဟု ဆိုလျှင် သမီးကလည်း–

"အမေ ကျွန်မသည် ဂါရဝတရား စောင့်သိရှိသေသော သမီးမှန်ပါ၍ မြတ်စွာဘုရားတရားတော်တွင် ဂါရဝေါစ၊ နိဝါတောစဟု လာသည်နှင့်လျော်ညီစွာ ကျင်သဖြင့် အမေ့စကားကို ကျွန်မ မတော်လှန်ပါ၊ ပြန်၍လည်း မငြင်းပါပြီ" ဟု ပြန်ပြော၏။

ထို့နောက် တစ်နေ့သ၌ မမေ၏ ညီမအထွေးဆုံးဖြစ်၍ ၁၂ နှစ်ခန့်ရှိသော မလေးငယ်အမည်ရှိသူ ကလေးမသည် နံနက်ခင်းအချိန်တွင် ကိုကောင်းဘော် နေထိုင်သောအိမ်သို့သွားရောက်ကာ ကိုကောင်းဘော်ထံ ပြောသည်မှာ

"အစ်ကိုကြီး ကိုကောင်းဘော်၊ အစ်ကိုကြီးထံ မမမေက စေလွှတ်၍ ကျွန်မ လာခဲ့ရပါသည်" ပြောလျှင် ကိုကောင်းဘော်က–

"ဘာကိစ္စများ ထူးသလဲ"မေးကာလ၊ မလေးငယ်က ကိုကောင်းဘော်၏ အပါးသို့ကပ်လျက် ခပ်တိုးတိုးကလေး ပြောသည်မှာ–

"မမမေသည် အစ်ကိုကြီးနှင့် ထိမ်းမြားမင်္ဂလာပြုရန် နေ့ကောင်းရက်မြတ်ကို ရွေးရန်နှင့်တကွ ထိုမင်္ဂလာအခမ်းအနား အကျွေးအမွေးစသည် အခမ်းအနားများကို အစ်ကိုကြီးနှင့် မျက်နှာချင်းဆိုင် တိုင်ပင်လိုသောကြောင့် ကျွန်မကို မမမေက စေလွှတ်လိုက်ပါသည်။ ယနေ့ ညချမ်းအခါ နေဝင်ရီးပြောက်ကို အစ်ကိုကြီး ကျွန်မတို့အိမ်သို့ ကြွရောက်ပါလျှင် မမေက ခရီးဦးကြိုဆို၍ နှစ်ကိုယ်ချင်း တိုင်ပင်ရပါလိမ့်မည်" ဟု ပြောလျှင် ကိုကောင်းဘော်ကလည်း ဝမ်းသာစွာဖြင့်–

"ကောင်းပြီ၊ ငါလာခဲ့မယ်။ ဘယ်သူမှ မသိစေနှင့်" ဟု ပြောလိုက်ဟု ဆို၏။

ကိုကောင်းဘော်ဆိုသူသည် လူစိမ်းလူရိုးဖြစ်သောကြောင့် ဝတ်စားတန်ဆာလှပစွာ ဆင်ယင်ခြင်းစသော အမူအရာများတွင် ဝါသနာပါဝင်သူမဟုတ်ဟူ၍ လည်းကောင်း၊ ထိုသူသည် မိမိ၏ဆံပင်များကို ဂရုပြု၍ ဖြီးလိမ်းပြုပြင်လေ့ရှိသူမဟုတ်ဟူ၍လည်းကောင်း အထက်စာပိုဒ်တွင် ပြခဲ့ပြီးရှိရာ တစ်စုံတစ်ခုသော ညနေချမ်းအခါတွင် ကိုကောင်းဘော်သည် မမေအိမ်သို့ မှန်းတန်းလျက် မမေနှင့်တွေ့ဆုံ၍ မင်္ဂလာဆောင်မည့် အခမ်းအနားများကို တိုင်ပင်နှီးနှော ပြောဆိုရန် ကြံရွယ်လျက် လျှောက်သွားသည့်အခါများတွင် ဝတ်ဆင်ထားပုံများမှာ အထက်ပါစကားရပ်များနှင့် များစွာဆန့်ကျင်ကွဲလွဲခြင်းရှိသည်မှာ မိမိဆံပင်ကို ချောမွတ်လှစွာသော ယောင်ကြီးဖြစ်မြောက်အောင် ထုံးပြီးနောက် အနီ၊ အပြာ၊ အဝါ၊ အစိမ်းစသော အရောင်စုံပါရှိသဖြင့် ကာလသားတို့ စက်တန့်ဆင်ဟု ခေါ်ဝေါ်အပ်သော ပိုးပုဝါ အသစ်ကျုပ်ချွတ် တစ်ပိုင်ကို ဖော့လုံးတဲ၍ ခါးဝတ်ပုဆိုးပန်းဇင်းကို ဝတ်ဆင်လျက် ကိုယ်တွင်လည်း စိန်တုကြယ်သီးပါသော ရှပ်အင်္ကျီရွှေးခံကို အောက်ကဝတ်ပြီးနောက် အပေါ်အင်္ကျီအဖြစ်မှာ တရုတ်အင်္ကျီမမည်၊ အင်္ဂလိပ်တိုက်များက ချုပ်လုပ်ရောင်းချသဖြင့် အင်္ဂလိပ်ကွတ်ခေါ် အင်္ကျီသဏ္ဌာန်ပါသဖြင့် ကာလသားသဘာဝဇဒါစာရီ အင်္ကျီဟုခေါ်သော အင်္ကျီမျိုးအပြာရောင်ကို ဝတ်ဆင်ထားပြီးသကာလ ဝါးရင်းတုတ်ကောက်ကိုင်လျက် လမ်းလျှောက်၍သွားရာ နာရီကြိုးလည်း ပါသဖြင့် ထိုအခါများတွင် ကိုကောင်းဘော်ကိုမည်သူတစ်စုံတစ်ယောက်ကမျှ အဝတ်အစား ရိုးသည်ဟု ဆိုနိုင်တော့မည်မဟုတ်။

မမေတို့အိမ်သို့ ကိုကောင်းဘော် ရောက်သွားသောအခါ နံနက်ခင်းက အကလေးမ မငယ်က ညနေ အစ်ကိုကြီးလာပါလျှင် အစ်ကိုကြီးအား မမမေ မျှော်ခေါ်စောင့်စားနေသည် တွေ့မြင်ရပါလိမ့်မည်ဟု မလေးငယ်ပြောသောစကားအတိုင်း အမှန်သို့ကျရောက်နေသည်မှာ ကိုကောင်းဘော် ရောက်သွားသောအခါ အခန်းကြီး တစ်ဝက်ခန့်တွင် အထူးခင်းကျင်းထားရှိသော ကမ္ဗလာကော်ဇောကြီး၏ အစွန်တွင် မမေသည် ထိုင်၍ မိမိရှေ့တွင်လည်း ငွေဖလားစုံပါသဖြင့် ကွမ်း၊ ဆေး၊ ကွမ်းသီး စသည်တို့နှင့် ပြည့်လျှံနေသော ကွမ်းအစ်တစ်လုံးကို တည်ထားကာ ကိုကောင်းဘော်အား "သည်ကို ကြွပါ" ဟု ချိုသာသောစကားဖြင့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခေါ်လျှင် ကိုကောင်းဘော်သည် မမေပြရာနေရာကထိုင်၏။

မမေနှင့် ကိုကောင်းဘော် ထိုင်ကြသောအခန်းသည် စင်စစ်အားဖြင့် ဧည့်ခန်းမဟုတ်သည့်အရာမှာ ထိုအခန်း၏ ဗဟိုချက်၌ ကန့်လန့်ကာတစ်ခု ကာရံထားရာ ထိုအခန်းကို ထက်ခြမ်းဝက်မိလျက် ရှိနေသည့်အနက် အိမ်မျက်နှာစာဘက်က တစ်ဝက်တွင် ဧည့်ခံ၍ အိမ်၏ကျောဘက်က ကန့်လန့်ကာအတွင်း၌ကား မမေ၏ညီမများ အိပ်သောအိပ်ရာရှိ၏။ ထိုအခန်း နှစ်ဌာနတွင် ကိုကောင်းဘော်နှင့် မမေတို့သည် မျက်နှာစာဘက်ကတစ်ဝက်တွင် ထိုင်နေကြရာ၌ ဆိုခဲ့သည့် အိပ်ရာများရှိသော ကန့်လန့်ကာဘက်သို့ ကျောပေးလျက် ထိုင်မိ၏။

ထိုအခန်းတွင် ထွက်ဝင်ရန် တံခါးနှစ်ပေါက် နှစ်ရပ်ရှိသည့်အနက် တစ်ပေါက်ကား မီးဖိုရေသွန်သို့ ထွက်ပေါက်ဖြစ်၍ ကျန်တစ်ပေါက်ကား အိမ်မျက်နှာစာဘက်ရှိ လမ်းမသို့ထွက်သော လေကားတံခါးပေါက် ဖြစ်၏။ ကိုကောင်းဘော်သည် ဆိုခဲ့သည့် ကန့်လန့်ကာကို ကျောပေး၍ ထိုင်မည်အပြုတွင် ကြည့်ရှုလိုက်ရာ ထိုကန့်ကာတွင်း၌ လူရိပ်များမြင်သော်လည်း ဂရုမပြုဘဲ မမေဘက်သို့သာလျှင် မျက်နှာမူ၍ ထိုင်ကာ စကားပြောဆို၏။

ကိုကောင်းဘော်သည် သည်ကဲ့သို့လျှင် ထိုင်နေ၍ ကွမ်းတစ်ရာညက်ခန့်လောက် ကြာလျှင် မိမိအလိုရှိသည့် စကားကို မည်သည့်နေရာက အစပြုရမည် ကြံစည်လျက်နေသည့်အတွင်း မမေ၏ ညီမများအနက် တစ်ယောက်သော မိန်းမသည် ကိုကောင်းဘော်၏ ကျောဘက်တွင် တိတ်တဆိတ်ရောက်လာပြီးလျှင် နောက်ကနေ ယောင်ကို ဆွဲပြီးကာလ နောက်သို့ လှန်ပြန်ကာ နှိမ်ထား၍ ပက်လက်ဖြစ်နေသည့်အတွင်း ကိုကောင်းဘော်က သတိပြု၍ ကြည့်ရှုလိုက်သည်တွင် တစ်ယောက်သောညီမက မိမိယောင်ကိုဆွဲလျက် နောက်သို့နှိမ်ထားသည်အတွင်း ခွန်အားဗလပေါများသော ညီမနှစ်ယောက်တို့သည် ကိုကောင်းဘော်ကို နံနက်အခါ ဖိတ်ခေါ်လာသူ အထွေးဆုံးညီမ မလေးငယ်သည် မိမိစက်တန့်ဆင် ခေါင်းပေါင်းကျပ်ချွတ်ကို အခမ့်ဆွဲငင်ယူဆောင်ထွက်သွားသည်ကို မြင်လိုက်ရရုံမျှမက မည်သူမသိ တစ်ယောက်သော ညီမသည် မိမိဝတ်ဆင်ထားသော ကျောက်နီလက်စွပ်ကို ချွတ်၍ ယူသည်ကိုလည်း သိလိုက်ရ၏။

သည်ကဲ့သို့ ကိုကောင်းဘော်ကို ညီအစ်မ ခုနစ်ဖော်တို့ ညှဉ်းပန်းနေသည့်အတွင်း မမေသည် အပါးက ရပ်လျက် ကြည့်ရှုကာသာ နေ၏။ ထို့နောက် အမိ မမဲတူက ဆဲရေးတိုင်းထွာ၍ စေခိုင်းဖန်များသောအခါ ကိုကောင်းဘော်သည် အစပထမ၌ ညီအစ်မ ခုနစ်ဖော်နှင့် အမိ မမဲတူတို့၏အကြံအစည်တွင် မမေ ပါဝင်ကြောင်းကို မရိပ်မိသေးသဖြင့် ငါ့ကို မမေ ကူညီအံ့ဟူ၍သာလျှင် အောက်မေ့မျှော်လင့်လျက်နေသောကြောင့် မိမိအားရှိသမျှ အားထုတ်၍ ရုန်းရင်းခြင်းကို မပြုသေးရှိနေရာ ယခု အကြံအစည်တွင် မမေလည်း ပါဝင်ကြောင်း စိတ်ချရလျှင် အားကိုးရာမဲ့ဖြစ်ချေသောကြောင့် ကယ်ပါကယ်ပါဟူ၍ ကျယ်စွာသောအသံနှင့်အော်ဟစ်ရင်း ရုန်းလိုက်ရာ ကံထောက်မသည့်အခါ မနီးမဝေး၌ရှိသော အရပ်အုပ် ဘုရားတကာအိမ်ကကြားလျှင် ဘုရားတကာကိုယ်တိုင်ပြေး၍ လာမှ ဦးကြွက်နီဝင်ရောက် ပြောဆိုကူညီသောကြောင့် ကျွတ်လွတ်ခွင့်ရသဖြင့် ဘုရားတကာ ဦးကြွက်နီလည်း ကိုကောင်းဘော်ကို သေလောက်သော ဒဏ်ရာမပါရှိကြောင်း ကြည့်ရှုသိသာပြီးမှ ကိုကောင်းဘော်ကို မိမိအိမ်သို့ ခေါ်ငင်ယူဆောင်သွား၏။

ဘုရားတကာ ဦးကြွက်နီဆိုသူသည် ဘုရားတရား မြဲမြံသူဖြစ်၍ အရပ်အုပ်အရပ်ခေါင်း အလုပ်ဝတ္တရားကို ဆောင်ရွက်ရာ၌လည်း တရားဖြောင့်မှန်သာနာညီမျှခြင်း သဘောတရားများကို လက်ဆုပ်လက်ကိုင်ထား၍ ဆောင်ရွက်လေ့ရှိတတ်၏။ ထိုသူ၌ တရားဖြောင့်မှန်ခြင်းကို နှစ်သက်သည့် စိတ်သဘော လွန်စွာအားကြီးလျှင် ကိုယ်နှင့် တစ်တစ်ရာ သက်ဆိုင်ခြင်း မရှိသောသူချင်းပင် ဖြစ်ကြစေ၊ တစ်ဦးသောသူက အခြားတစ်ဦးသူ့အပေါ်တွင် မတရားကျင့်ကြံကြောင်းကို ကိုယ်တိုင် သိမြင်ရလျှင် ဘုရားတကာ ဦးကြွက်နီသည် မိမိကိုယ်ကို ထိခိုက်သက်ရောက်ဘိသကဲ့သို့ပင် မခံမရပ်နိုင်အောင် အမျက်ဒေါသ ဖြစ်တတ်၏။

ကိုကောင်းဘော် မမေတို့ အမှုကိစ္စ၌ ဘုရားတကာသည် ကိုကောင်းဘော်ဆိုသူကို သိကျွမ်းသည်မှာ ကိုယ့်အလုပ်အကိုင်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ရံဖန်ရံခါ တွေ့ကြုံဖူးသူ အဖြစ်နှင့်သာလျှင် သိကျွမ်းဖူးသော်လည်း မမဲတူနှင့်တကွ သမီးခုနစ်ဖော်များကိုကား မိမိအိမ်နားနီးချင်းအဖြစ်နှင့် သိကျွမ်းသူများဖြစ်ကြ၏။ ကိုယ်တိုင် ပါး

www.burmeseclassic.com



ယား၍ အိုးဖူး၊ ပျိုးဖူးသူဖြစ်သဖြင့်လည်း မမဲတူသားအမိတစ်စုတို့၏ အနေအထိုင်အကြံအစည်ကို ရိပ်မိသိနားလည်သည့်အပြင် မည်သည့်အကြောင်းကြောင့် ကိုကောင်းဘော်ကို တမင်ခေါ်ငင်၍ လက်ရောက်ကျူးလွန်ကြသည့်အကြောင်းရင်းခံကိုလည်း တပ်အပ်သေချာစွာ သိနားလည်သူဖြစ်ရကား ကိုကောင်းဘော် ဆိုသူမှာ ရပ်ရွာအတွင်း၌ မိတ်သဂ်ဟ အားကိုးအားထားကင်းသည့်အဖြစ် သက်သက်ကြောင့်ပင်လျှင် ဘုရားတကာ ဦးကြွက်နီ၏ မေတ္တာသည် ကိုကောင်းဘော်အပေါ်တွင် သားရင်းဖြစ်ဘိသကဲ့သို့ သက်ဝင်ခြင်းဖြစ်၏။

သည်ကဲ့သို့သော အကြောင်းအကျိုးများအားဖြင့် ဘုရားတကာ ဦးကြွက်နီသည် ကိုကောင်းဘော်အပေါ်တွင် သူတစ်ပါး မတရားကျူးလွန်သည်ကို သိမြင်လျှင် ကိုယ်ပေါ်တွင် ကျူးလွန်ဘိသကဲ့သို့ပင် မခံမရပ်နိုင် အမျက်ထွက်လှသောကြောင့် မိမိမိတ်ဆွေဖြစ်သူ အမိန့်တော်ရရှေ့နေတစ်ဦးထံ ကိုယ်တိုင်သွားရောက် တိုင်ပင်ပြီးနောက် အမှုကို ရုံးရောက် တင်ပို့စေရန် ထိုအမိန့်တော်ရထံ အပ်နှံလိုက်၏။

ဆဗ္ဗဒီဝိဇံ ရာဇဝတ် တရားသူကြီးမင်းထံ တင်သွင်းသော တိုင်လျှောက်ချက်အရမှာ မမေကို ပထမတရားခံ၊ ၎င်းအမိမမဲတူနှင့် ကျန်သမီး ခြောက်ယောက်တို့ကို ဒုတိယ၊ တတိယစသော ကျန်တရားခံများအနေထား၍ စွပ်စွဲသောအမှုမှာ ရာဇသတ်ကြီး ပုဒ်မ ၄၅၅ အရ လူတစ်ယောက်ကို ဂုဏ်အသရေ ရှုတ်ချရန်အကြံနှင့် လက်ရောက်ကျူးလွန်မှု စွပ်စွဲလေသည်။

အမှုသည် နှစ်ဦးနှစ်ဖက်တို့သည် မြို့တွင်ဈေးတွင် ထင်ရှားသူများဖြစ်ကြသဖြင့် ထိုအမှုစစ်ဆေးသည်ကို ဂရုပြုသူများများကြသောကြောင့် အမှုဆိုင်ဆိုရန် နေ့ရက်ကျရောက်သောအခါ အမှုစစ်တမ်းစစ်ချက်ကို ကြားနာလိုသော သူတို့သည် ရုံးတော်သို့ များမြောက်စွာ လာရောက်ကြ၏။ ရုံးတော်တွင် အမှုဆိုင်ပြိုင်ရသော နံနက်များ၌ ရုံးတော်သို့ အမှုစကားနာရန် လာရောက်ကြသူတို့ စည်ကားပေါများသည်မှာ ရုံးပွဲများမှုမက စည်ကားသည်မှာ ရုံးတော်အပေါ်ထပ် ဆဗ္ဗဒီဝိဇံ နယ်ပိုင်ဝန်ထောက်မင်းရုံးတော်တွင် အမှုကို စီရင်သဖြင့် ထိုရုံးခန်းပြင်ဘက်ရှိ ဝရံတာလက်ရန်းများအပေါ်တွင်လည်း ယောက်ျားကြီးငယ်တို့သည် နေရာလပ်မကြွင်းမကျန်ရအောင် တက်၍ ထိုင်ကာနားထောင်ကြ၏။

ရုံးတော်အခန်းတွင်း၊ တရားခွင်၌လည်း အမှုသည်နှစ်ဖက်က ငှားရမ်းတင်မြှောက်ထားသော ပညာရှိရှေ့နေများလည်း ပညာရည်၌လည်းကောင်း၊ ဦးရေ၌လည်းကောင်းနည်းပါးခြင်းမရှိကြသည့်ပြင် မြို့ပေါ်ရှိ ရှေ့နေအပေါင်းတို့သည်လည်း ကိုယ်နှင့်အကျိုးစီးပွားသက်ဝင်ခြင်းမရှိကြသော်လည်း ထိုနေ့၌ အမှုကိုနာရအောင် လာရောက်ကြ၏။ တရားလို ကိုကောင်းဘော်ဘက်က အမှုကိုဆောင်ရွက်သည်မှာ အမှုမဖြစ်ပွားမီ သုံးလလောက်ကပင် ရန်ကုန်မြို့မှရွှေ့ပြောင်းဆိုက်ရောက်လာသဖြင့် အမည်နာမ ကျော်စောသော ဒုတိယတန်းအမိန့်တော်ရမင်း တစ်ယောက်ကဆောင်ရွက်လိုက်လဲလျှင် တရားခံ မမေ၊ မမဲတူနှင့် သမီးခုနစ်ဖော်တို့ဘက်ကလည်း မြို့ပေါ်တွင် ထင်ပေါ်သော အမိန့်တော်ရကြီးများအနက် ပညာရည်အားဖြင့် ထင်ရှားဆုံးဖြစ်သော အမိန့်တော်ရကြီးနှစ်ပါးကို ငှားရမ်းထုချေစေ၏။

အချိန်စေ့ရောက် အမှုကိုခေါ်ပြီး၍ အမှုသည်၊ ရှေ့နေတို့ စုံညီရောက်ရှိကြသောအခါ တရားလိုဘက် အမိန့်တော်ရမင်းက အမှုကို အစချီလိုက်သည်မှာ အချုပ်အားဖြင့် လျှောက်ထားပြဆိုရာ တရားခံတို့က တရားလိုအပေါ်တွင် လက်ရောက်ကျူးလွန်သည့်နည်း၊ လက်ရောက်ကျူးလွန်သည့် လက်နက်မျိုးမည်နှင့်တကွ လက်ရောက်ကျူးလွန်ခြင်း၏ အကြောင်းရင်းခံများပါ မကြွင်းမကျန်ရအောင် ထုတ်ဖော်လျှောက်လဲ ပြဆိုပြီးသည့်အဆုံးတွင် တရားလိုဘက်ပြ သက်သေနှစ်ဦးတို့ကို ခေါ်ငင်စစ်ဆေးရာ ၎င်းတို့ကလည်း အမိန့်တော်ရမင်း လျှောက်လဲဆိုပြခဲ့သော အတ္ထုပ္ပတ္တိနှင့် လျော်ညီစွာပင်လျှင် ထွက်ဆိုကြ၏။ ထိုအခါတွင် ရာဇဝတ်တရားသူကြီးမင်းက သတိပြုမိသည်မှာ ယခုကဲ့သို့သော အမှုများတွင် တရားလိုကို ဦးစွာ စစ်ဆေးပြီးမှ သက်သေများကို စစ်ဆေးရမြဲဖြစ်လျက် တရားလိုကို မစစ်ဆေးရသေးဘဲ သက်သေများကို စစ်ဆေးလျက်ရှိသည့်အရာကို သတိရမိလျှင် တရားလို ကိုကောင်းဘော်ကိုခေါ်၍ အစစ်ခံစေ၏။ ကိုကောင်းဘော် အစစ်ခံဝင်မိ၍ ထုံးစံအတိုင်း ကျမ်းကျိန်ဆိုပြီးနောက် ရုံးမင်းက မေးသည်မှာ–

“ကိုင်း – မောင်ကောင်းဘော်၊ မမေက မောင်မင်းကို ဘာများပြုလုပ်သလဲ၊ ပြောပြစမ်းပါ” ဆိုလျှင် ကိုကောင်းဘော်လည်း ရာဇဝတ်တရားသူကြီးမင်းမေးသည်ကို ရှက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တရက် မဖြေမဆိုသေးဘဲ တစ်ဖက်က ရပ်လျက်နေသူ တရားခံ မမေ၏ မျက်နှာကို အတန်ငယ်ကြာအောင် စိုက်လျက်ကြည့်နေပြီးမှ ရုံးမင်းက ထပ်မံ၍ မေးသောကြောင့် ဖြေဆိုသည်ကား–

"ကျွန်တော် ကျွန်တော် ကျွန်တော်မျိုးကို မမေက ကျောထုပါသည်ဘုရား" ဟု ဆိုလျှင် ရာဇဝတ်တရားသူကြီးလည်း ပြုံးတော်မူ၏။ သို့သော်လည်း အမှုကို လာရောက်နားထောင်ကြသော လူပရိသတ်အပေါင်းတို့သည် အံ့သြသည့်လက္ခဏာဖြင့် တိတ်တဆိတ်နေ၍ နားထောင်နေသည့်အတွင်း တရားလို၏ ရှေ့နေအမိန့်တော်ရမင်းက ထ၍လျှောက်ထားသည်မှာ–

"ရုံးမင်း အရှင်ဘုရား၊ သည်နေရာတွင် အနည်းငယ်မျှ လျှောက်ထားရန် ကျွန်တော်မျိုးကို ခွင့်ပြုတော်မူပါဘုရား" ဟု ဆိုလျှင် ရုံးမင်းက ခွင့်ပေးကာလ ဆက်လက်လျှောက်ထားပြန်သည်မှာ–

"ယခု အစစ်ခံချက် တစ်ခွန်းနှစ်ခွန်းမျှနှင့် ထင်ရှားသည်မှာ ကျွန်တော်မျိုး၏အမှုသည် ကိုကောင်းဘော်သည် ယခုအမှုကို တစ်ဖက်သို့ အနိုင်ပေးလိုသည့်အကြောင်း ကောင်းစွာထင်ရှားလျက် ရှိနေသည်တွင် အရှင်ဘုရား ရုံးမင်းကို ကျွန်တော်မျိုးက သတိပြုစေလိုသည်မှာ တရားလို ကိုကောင်းဘော်သည် ယခုအမှုကို လိုက်လဲဆောင်ရွက်စေရန် ကျွန်တော်မျိုးကို ရှေ့နေတင်မြှောက်၍ တင်ပြပြီးသော ကိုယ်စားလှယ်စာကို သူ လက်မှတ်ရေးထိုးပြီးနောက် ထိုအမှုကို သူတစ်ဦးတည်း ဆိုင်သည်မဟုတ်၊ ကျွန်တော်မျိုးရှေ့နေလည်း အကျိုးကျေးဇူး သက်ဆိုင်သူဖြစ်ပါသောကြောင့် သူပြုလိုရာ ပြုပိုင်တော့မည်မဟုတ်ပါ။

"သို့ဖြစ်ပါ၍ ယခုအမှုတွင် အကျိုးကျေးဇူး သက်ဝင်သူ ရှေ့နေကျွန်တော်မျိုးက လျှောက်ထားလိုက်သည်မှာ တရားလို၏ အစစ်ခံချက်သည် ပထမတိုင်လျှောက်ချက်တင်သွင်းစဉ်အခါက တစ်ကြိမ် အစစ်ခံ၏။ အစစ်ခံချက်လည်း ရှိပြီးသည့်ပြင် သက်သေနှစ်ယောက်တို့၏ ထွက်ချက်လည်း ယခုခံယူရရှိပြီးဖြစ်ပါသောကြောင့် ယခုအမှု စီရင်ဆုံးဖြတ်ရာတွင် တရားလိုကိုကောင်းဘော်၏ အလိုဆန္ဒကို မလိုက်မစားဘဲ တရားဖြောင့်မှန်ခြင်းကို အရင်းပင်မထားပြီးလျှင် ဥပဒေနှင့်လျော်ညီစွာ ရုံးတော်ရှေ့သို့ သက်သေခံချက်များကို ထောက်ထား၍ စစ်ဆေးစီရင်တော်မူထိုက်ကြောင်း။

"ကိုကောင်းဘော်မှာ ယခုအမှုကို မမေ၏ဘက်သို့ အနိုင်ပေးလိုသောဆန္ဒရှိသည် မှန်ပါသည်။ သို့သော်လည်း အမှုကို ပြေကြေလိုကြောင်းနှင့် ရုံးထုံးစံရှိ၍ ပြေလွှာတစ်စောင်ကို အသေအချာရေးသား၍ ကိုကောင်းဘော်က မတင်မသွင်းသမျှမှာ ယခုအမှုကို ဥပဒေရှိရာသာလျှင် အရှင်ဘုရားက စီရင်ထိုက်ပါကြောင်း၊ ယခုရုံးမင်း မျက်မှောက်တော်၌ ဖြစ်ပျက်သမျှမှာ မိန်းမတို့၏ မျက်စိမျက်ဆံများသည် အချို့သောယောကျ်ားများ၏ စိတ်ကိုပြုပြင်နိုင်သည်ဟူသော ဓမ္မတာတရား ထင်ရှားဖြစ်ရုံမျှ ရှိပါသည်။

"ယခု ရုံးမင်းမျက်မှောက်၌ ကိုကောင်းဘော်သည် တရားခံ မမေ၏ မျက်လုံးများကို ကွမ်းတစ်ယာခန့် စေ့စေ့ကြည့်ရှုရုံမျှနှင့် ကိုကောင်းဘော်၏စိတ် ပြောင်းလဲပြီးလျှင် သတိကို လေလွင့်ခြင်းကြောင့် သည်ကဲ့သို့ ပြောင်းလဲထွက်ဆိုခြင်း ဖြစ်သည့်အရာတွင် ကျွန်တော်မျိုးရှေ့နေဖြစ်သူမှာ ကိုယ့်အမည်နာမ ဂုဏ်အသရေကို ကာကွယ်စောင့်ရှောက်ရန် ဝတ္တရားရှိပါသည့်အတိုင်း ယခုအမှုကို ကိုကောင်းဘော်၏ အလိုအတိုင်းမဟုတ်၊ သက်သေခံချက်များအရ ဥပဒေရှိရာ စီရင်တော်မူပါမည့်အကြောင်း လျှောက်ထားပါသည်ဘုရား" ဟု လျှောက်ထားလဲဆို၏။

သည်ကဲ့သို့ လဲလျှောက်ရာတွင် တရားပိုင်မင်းလည်း ဥပဒေတရားနည်းလမ်း သက်ရောက်ရာ ပြဆိုလဲလျှောက်သည်ကို မလိုက်မနာဘဲ မနေပိုင်သဖြင့် ဥပဒေစည်းကမ်းနည်းလမ်း ပြဆိုသည့်အတိုင်း သက်သေများကို ဆက်လက်စစ်ဆေးပြီးနောက် စီရင်ချက် ချပေးသောအခါ တရားခံအသီးသီးတို့အပေါ်တွင် ဆိုခဲ့သည့် ပုဒ်မနှင့်ဒဏ်ငွေ ရိုက်တပ်သည့်အပြင် တရားခံတို့ ဆောင်သွင်းသော ဒဏ်ငွေများအနက် အချို့တစ်ဝက်ဖြစ်သော ငွေ ၄၀ ခန့်ကို တရားလို ကိုကောင်းဘော်သို့ လျော်ကြေးအဖြစ် ထုတ်ပေးသနားခြင်းကို ခံရကာလ တရားလိုကိုကောင်းဘော်လည်း ထိုလျော်ကြေးငွေကို လက်ရောက်ရရှိလျှင် မိမိ၏ရှေ့နေအကြံပေးချက်အရ ၎င်းငွေကို ကိုယ်တိုင်သုံးစားခြင်းမပြုဘဲ အလှူဒါနပြုလုပ်ရာတွင် ထည့်သွင်းလှူဒါန်းလိုက်၏။

❖

အတွဲ–၁၊ အမှတ်–၈၊ ၁၉၄၈၊ ဇန်နဝါရီ၊ ရှုမဝ မဂ္ဂဇင်း

BURMESE CLASSIC .com
www.burmeseclassic.com